ဘာသာပြန် စာရေးဆရာ – မိန့်

# ငါ့တပည့်တွေအကုန် ဗီလိန်တွေချည်းပဲ

(လုကျိုး)

တစ၃–၁၀၄

# အခန်း (၁၅၄၆)
# သူ ပြန်ရှင်လာပြီး သေသွားပြန်

*

လုကျိုးအနေဖြင့် ဤနေရာမှ ထွက်ခွာရန် တာအိုစွမ်းအား သို့မဟုတ် နိယာမများကို အသုံးမပြုနိုင်ပါက သူ၏ အရှိန်တစ်ခုတည်းဖြင့်မူ သေချာပေါက် ထွက်ခွာနိုင်လိမ့်မည် မဟုတ်ပေ။ ဆိုရလျှင် သူသည် အထွတ်အထိပ်သက်ရှိတစ်ဦး၏ စွမ်းအားနှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးပေ။

ချောက်နက်ကြီးမှာ ဖြည်းဖြည်းချင်း ပိတ်သွားနေပြီ ဖြစ်သည်။ သွင့်ကျန်း၏ ဖျက်ဆီးခြင်းတိုင်လုံး ပြိုလဲသွားမှုကြောင့် ကောင်းကင်ယံမှ ဧရာမ ကျောက်တုံးကြီးများ ရုံဖန်ရုံခါ ပြုတ်ကျလာတတ်၏။ ထိုကျောက်တုံးများမှာ ချောက်နက်အတွင်းသို့ ကျရောက်သောအခါ ခေတ္တမျှ ဝဲပုံနေပြီးမှ ချောက်နက်အတွင်းရှိ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားများ၏ ဝါးမျိုခြင်းကို ခံလိုက်ရတော့သည်။

လုကျိုး အချိန်ကို ကြည့်လိုက်သည်။ သူ့တွင် တစ်မိနစ်သာ ကျန်တော့သည်။

'ထပ်ပြီး ကြိုးစားကြည့်ရအောင်'

သူသည် တာအိုစွမ်းအားကို အသုံးမပြုနိုင်သဖြင့် အင်အားသုံးကာ ထွက်ခွာရန် ကြိုးစားလိုက်၏။ လုကျိုး အထက်သို့ ပျံတက်လိုက်စဉ် သူ၏

ခန္ဓာကိုယ်၌ အပြာရောင် လျှပ်စီးတန်းများ ဝင်းလက်သွားသည်။ သူသည် လက်နှစ်ဖက်ကို အထက်သို့ မြှောက်လိုက်၏။

ဘုန်း

သူ၏ အလွန်အမင်း မြန်ဆန်လှသော အရှိန်ကြောင့် အသံလှိုင်း ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာတော့သည်။ ချောက်နက်အတွင်းရှိ မှောင်မိုက်မှုမှာ အမည်မသိကုန်းမြေတွင် တစ်နှစ်ပတ်လုံး ရှိနေတတ်သော မှောင်မိုက်မှုထက်ပင် ပိုမို ဆိုးရွားလှပေသည်။ ထိုအခိုက်အတန့်တွင် ကောင်းကင်ယံမှ လျှပ်စီးတန်းတစ်ခု ရုတ်တရက် ကျဆင်းလာခဲ့သည်။ လုကျိုး မျက်မှောင်ကျုံ့လိုက်မိ၏။ သူ ဤမြင်ကွင်းမျိုးကို အရင်က မြင်ဖူးခဲ့သည်။

"မင်းက ကမ္ဘာမြေကို ပြန်ပြုပြင်ချင်နေတာလား"

သူသည် ဖျက်ဆီးခြင်းတိုင်လုံးတွင် ထိုလျှို့ဝှက်ဆန်းကြယ်သော စွမ်းအားကို မျက်မြင်တွေ့ခဲ့ဖူးသည်။ ထိုစဉ်က ၎င်းသည် ဖျက်ဆီးခြင်းတိုင်လုံးပေါ်ရှိ အက်ကြောင်းများကို ပြန်လည် စေ့သွားအောင် ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

"ဒီစွမ်းအားက ကမ္ဘာမြေဆီကနေပဲ လာတာလား"

ထိုလျှို့ဝှက်ဆန်းကြယ်သော စွမ်းအားမှာ ချောက်နက်၏ အနက်ရှိုင်းဆုံးနေရာရှိ စွမ်းအားနှင့် ဆင်တူနေကြောင်း လုကျိုး ရှင်းလင်းစွာ အာရုံခံမိလိုက်သည်။ ထို့ပြင် ထိုစွမ်းအားမှာ သူ့ကို ပစ်မှတ်ထားနေခြင်း မဟုတ်ဘဲ အက်ကြောင်းများကိုသာ ပြန်လည် ပြုပြင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း သူ ခံစားလိုက်ရ၏။

လျှပ်စီးတန်းများမှာ ချောက်နက်၏ အပေါ်ဘက်တွင် လွတ်လမ်းမရှိသော ပိုက်ကွန်တစ်ခုပမာ ဖြစ်ပေါ်လာသည်ကို မြင်သောအခါ လုကျိုး ထပ်မံ၍

မျက်မှောင်ကျုံ့လိုက်မိပြန်သည်။

"ဟင်"

ထို့နောက် သူသည် လက်ကို မြှောက်ကာ မဟာမိုးကြိုးဘီး လက်ဝါးစည်းတံဆိပ်ကို ထုတ်ဖော်လိုက်သည်။ လက်ဝါးစည်းတံဆိပ်မှာ အောက်ခြေမှနေ၍ အထက်သို့ တိုးဝင်သွားတော့သည်။ ၎င်းသည် လွတ်လမ်းမရှိသော ပိုက်ကွန်ကို ဖြတ်ကျော်သွားချိန်တွင်မူ ထိုလျှို့ဝှက်ဆန်းကြယ်သော စွမ်းအားမှာ ရုပ်သိမ်းသွားကာ ရှောင်တိမ်းပေးလိုက်သည်။ ဤနည်းဖြင့် လက်ဝါးစည်းတံဆိပ်မှာ တောက်ပလှသော မီးအိမ်တစ်ခုပမာ ကောင်းကင်ယံသို့ ပျံတက်သွားပြီး မှောင်မိုက်နေသော ကောင်းကင်ကြီးကို လင်းထိန်သွားစေတော့သည်။

ဂျိန်း ဂျိန်း

ကမ္ဘာမြေကြီးမှာ နောက်ထပ် ၃၀ ရာခိုင်နှုန်းခန့် ပိတ်သွားပြန်သည်။ ကမ္ဘာမြေ ပြန်လည် စေ့သွားသည့် အရှိန်မှာ အလွန်ပင် မြန်ဆန်လှသဖြင့် လုကျိုးအနေဖြင့် အရေးတကြီး ခံစားလိုက်ရ၏။ လွတ်လမ်းမရှိသော ပိုက်ကွန်မှာ လင်းထိန်နေစဉ် ကြာမြစ်များပမာ ရှုပ်ထွေးစွာ ချိတ်ဆက်နေတော့သည်။ လုကျိုးမှာ ဖိအားများ ပိုမို ပြင်းထန်လာသည်ကို ခံစားလိုက်ရ၏။ သူ အချိန်ကို ကြည့်လိုက်သောအခါ မလုံလောက်တော့သည်မှာ ထင်ရှားလှပေသည်။ နောက်ဆုံး စက္ကန့်အနည်းငယ်တွင် သူသည် ရှုးသွပ်သော လုပ်ရပ်တစ်ခုကို လုပ်ဆောင်လိုက်တော့သည်။ သူသည် ချုပ်နှောင်ခြင်းစည်းတံဆိပ်ကို ထုတ်ယူလိုက်ပြီး ဆိုးယုတ်သူတစ်ပါး၏ စွမ်းအားအားလုံးကို ၎င်းအတွင်းသို့ ထည့်လိုက်၏။

ဝူး

ချုပ်နှောင်ခြင်းစည်းတံဆိပ်၏ ပတ်လည်တွင် လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားများနှင့် ဆင်တူသည့် အပြာရောင် လျှပ်စီးတန်းများ ချက်ချင်းပင် ဝင်းလက်သွားသည်။ ထို့နောက် ချုပ်နှောင်ခြင်းစည်းတံဆိပ်မှာ မကြုံစဖူးသော အရွယ်အစားအထိ လျင်မြန်စွာ ကြီးထွားလာတော့သည်။

ဘုန်း

အဝင်ဝမှာ ပိတ်တော့မည့်ဆဲဆဲတွင် ချုပ်နှောင်ခြင်းစည်းတံဆိပ်မှာ အဝင်ဝ၌ တစ်ဆို့ကာ ညပ်သွားတော့သည်။ ချောက်နက်အတွင်းမှ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားများသည် ချုပ်နှောင်ခြင်းစည်းတံဆိပ်ကို ရစ်ပတ်ညှစ်ထုတ်နေကြ၏။ ကောင်းကင်ကြီးမှာ မှောင်မိုက်နေသော်လည်း ယခုအခိုက်အတန့်တွင် နဂါးငွေ့တန်း၏ အရောင်အသွေးများ ဝင်းလက်နေတော့သည်။ ချုပ်နှောင်ခြင်းစည်းတံဆိပ်မှာ အက်ကြောင်းတစ်ခုကြားတွင် ညပ်နေသော တောင်တစ်လုံးပမာ ရှိနေ၏။

ဤအချိန်တွင် လုကျိူး၏ မျက်လုံးများမှ အပြာရောင်အလင်းများ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ သူ၏ ခန္ဓာကိုယ်ပေါ်ရှိ အပြာရောင် လျှပ်စီးတန်းများမှာလည်း ပျောက်ကွယ်သွားသလို၊ သူ၏ ထူးခြားသော သွေးကြောများကို ဖြတ်သန်းစီးဆင်းနေသည့် စွမ်းအားဗဟိုချက်အတွင်းမှ မကြုံစဖူးသော စွမ်းအားကြီးမှာလည်း မရှိတော့ပေ။ လျှို့ဝှက်ဆန်းကြယ်သော စကြဝဠာပမာ ဖြစ်နေသည့် ချောက်နက်အတွင်းရှိ မှောင်မိုက်မှုများက လုကျိူးကို ချက်ချင်းပင် ဝါးမျိုလိုက်တော့သည်။ သူ၏ ခန္ဓာကိုယ်နှင့်အတူ သူ၏ နှလုံးသားမှာလည်း အောက်သို့ နစ်မြုပ်သွားရ၏။ မည်မျှအထိ ကြာအောင် ပြုတ်ကျနေသည်မသိဘဲ ချုပ်နှောင်ခြင်းစည်းတံဆိပ်ကိုပင် မမြင်ရတော့သည့် အချိန်သို့ ရောက်သောအခါမှ သူ နောက်ဆုံးတွင် ရပ်တန့်သွားတော့သည်။

သူ၏ ပတ်ဝန်းကျင်မှာ နံရံများပေါ်၌ ရောင်ပြန်ဟပ်နေသော လှိုင်းလုံးပုံစံ

အလင်းရောင်များဖြင့် လင်းထိန်နေသဖြင့် ပင်လယ်အောက်ခြေတွင် လမ်းလျှောက်နေရသကဲ့သို့ ရှိနေ၏။ လုကျိုးသည် ဇဝေဇဝါဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

'ဒီစွမ်းအားက ငါ့ကို အန္တရာယ်မပေးဘူးလား' သူ၏ လက်များကို မြှောက်ကာ ကြည့်လိုက်၏။ အပြာရောင် စွမ်းအင်အားလုံး ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ သူ၏ မူလကျင့်ကြံမှုအဆင့်ကိုသာ ပြန်လည် ရရှိထားတော့၏။

လုကျိုး သက်ပြင်းချလိုက်မိသည်။ အစောပိုင်းက အတွေ့အကြုံသာ မရှိခဲ့လျှင် သူ ယခုလောက်အထိ အားနည်းသည်ဟု ခံစားရမည် မဟုတ်ပေ။ သူသည် မိမိကိုယ်ကိုယ် အတော်လေး အစွမ်းထက်သည်ဟု ထင်ခဲ့သော်လည်း အထွတ်အထိပ် အစမ်းသုံးကတ်၏ စွမ်းအားကို မြည်းစမ်းကြည့်ပြီးနောက်တွင်မှ သူ မည်မျှအထိ အားနည်းနေသေးကြောင်း နောက်ဆုံးတွင် သိရှိသွားခဲ့ရသည်။

"အဲဒီကတ်က တစ်ခုတည်းပဲ ရှိတာ တကယ်ကို နှမြောစရာပဲ"

လုကျိုး သူ၏ လက်ကို ပြန်ချလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ဘာမှ မရှိပေ။ သူသည် အထီးကျန်လှသော နဂါးငွေ့တန်းတစ်ခုအတွင်း လမ်းလျှောက်နေရသလို သူ ခံစားနေရ၏။ သူသည် အမြင်အာရုံ၊ အကြားအာရုံနှင့် အနံ့အာရုံ စွမ်းအားများကို အသုံးပြုကြည့်သော်လည်း မည်သည့် သက်ရှိကိုမျှ အာရုံမခံမိပေ။ သူသည် ဝေးလံလွန်းသော နေရာသို့ ရောက်ရှိလာပြီး မိမိကိုယ်ကိုယ် လမ်းပျောက်နေခဲ့ပြီ ဖြစ်သည်။ လုကျိုး မတတ်သာဘဲ သက်ပြင်းချလိုက်ရင်း ကောင်းကင်ယံကို ကြည့်လိုက်မိ၏။ ကောင်းကင်၏ လားရာကို ပြသနေသည့် ဖျော့တော့သော အလင်းတန်းလေးများကိုသာ သူ မြင်တွေ့ရသည်။ အကယ်၍ သူ ဤနေရာတွင် ကြာကြာနေပါက တကယ်ပင် လမ်းပျောက်သွားပေလိမ့်မည်။

လုကျိုးသည် အမှတ်အသားတစ်ခု ချန်ထားခဲ့ပြီးနောက် အရပ်မျက်နှာ အသီးသီးသို့ ပျံသန်းကြည့်၏။ ထူးဆန်းသည်မှာ ဤနေရာက သိပ်မကျယ်လှဟု ထင်ရသော်လည်း သူသည် နယ်နိမိတ်အကန့်အသတ်ကို ရှာမတွေ့ခဲ့ပေ။ နောက်ဆုံးတွင် သူ၏ မူလနေရာသို့ ပြန်လာခဲ့ပြီး လေထဲတွင် ဝဲပျံနေလိုက်ရုံသာ တတ်နိုင်တော့သည်။

အထက်ဘက်ရှိ နေရာမှာ ယခုအခါ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားများဖြင့် ပိတ်ဆို့ခံထားရသဖြင့် သူ ထွက်ခွာနိုင်ခြင်း မရှိတော့ပေ။ အရှေ့ အနောက်၊ တောင်၊ မြောက် လားရာများကိုလည်း သူ မသိပေ။ သူ သေသေချာချာ နားမလည်မီမှာပင် ဟိုဟိုဒီဒီ လျှောက်သွားရန် မဝံ့မရဲ ဖြစ်နေ၏။ သူသည် လေထဲတွင် တင်ပျဉ်ခွေ ထိုင်လိုက်ပြီး မျက်လုံးမှိတ်လျက် အနားယူလိုက်၏။ နဂါးငွေ့တန်းနှင့်တူသော ဤချောက်နက်ကြီးအတွင်း၌ မည်သည့် သက်ရှိမျှ မရှိကြောင်း အတည်ပြုပြီးချိန်နှင့် လှိုင်းလုံးပုံစံ အလင်းရောင်များက မှောင်မိုက်မှု အများစုကို ဖယ်ရှားပေးထားသဖြင့် သူ ကြောက်ရွံ့ခြင်း မရှိတော့ပေ။

သူ ကျင့်ကြံခြင်းအခြေအနေသို့ ဝင်ရောက်လိုက်သောအခါ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိမှုတစ်ခုကို ရရှိလိုက်၏။

"တကယ့်ကို များပြားပြီး စင်ကြယ်လှတဲ့ ကနဦးချီတွေ ပါလား"

"ငါ အရင်ဆုံး ကျင့်ကြံကြည့်ပြီးမှ ပြန်ထွက်ဖို့ ထပ်ကြိုးစားရမယ်"

သွင့်ကျန်း

ပုံရိပ်တစ်ခုသည် လေထဲတွင် ဝဲပျံနေရင်း ပျက်စီးဆုံးရှုံးမှု မြင်ကွင်းများကို ကြည့်ရှုနေသည်။ တောင်တန်းများနှင့် မြစ်ချောင်းများ ပျက်စီးနေပြီး ကမ္ဘာမြေမှာလည်း အပျက်အစီးများဖြင့် ပြည့်နှက်နေ၏။ ထို့နောက် သူသည် ပြိုလဲနေသော ဖျက်ဆီးခြင်းတိုင်လုံးကို တင်းမာသော မျက်နှာထားဖြင့်

ကြည့်လိုက်သည်။ လေထုအတွင်း၌ ရင်းနှီးနေသော အရှိန်အဝါ နှစ်ခုနှင့် စွမ်းအင်များကို အာရုံခံမိလိုက်ချိန်နှင့် တိုက်ပွဲ၏ အကြွင်းအကျန်များကို မြင်လိုက်ရသောအခါ သူ၏ မျက်လုံးများမှာ မယုံနိုင်လောက်အောင် ပြူး ကျယ်သွားရ၏။

အချိန်အတော်ကြာ တည်ငြိမ်နေခဲ့သော မဟာလေဟာနယ်ကေရာဇ် မင် ရှင်းသည် ပထမဆုံးအကြိမ်အဖြစ် မှင်တက်သွားတော့သည်။ သူသည် မည် သည့် အမူအရာမျှ မရှိဘဲ သူ့ဘာသာ တီးတိုးရေရွတ်လိုက်၏။

"သူ ပြန်လာပြီ..."

မင်ရှင်းသည် သွင့်ကျန်း၏ ပတ်လည်တွင် ဖျတ်ခနဲ လှုပ်ရှားလျက် တစ် ချိန်က ဖျက်ဆီးခြင်းတိုင်လုံး ဖြစ်ခဲ့သော အပျက်အစီးပုံများကို စစ်ဆေး ကြည့်လိုက်၏။ ထို့နောက် သူ ခေါင်းခါလိုက်မိသည်။ ထိုအချိန်တွင် ကောင်းကင်ယံကို ဖုံးလွှမ်းသွားသော သင်္ကေတလမ်းကြောင်းတစ်ခု ပေါ်ထွက်လာသည်။ တောက်ပလှသော အလင်းတန်းတစ်ခု ကျဆင်းလာပြီး နောက် အစွမ်းထက်လှသော ကျင့်ကြံသူများမှာ တစ်ဦးပြီးတစ်ဦး ပေါ်ထွက် လာကြတော့သည်။

သူတို့နှင့် နှိုင်းယှဉ်လျှင် မင်ရှင်းမှာမူ အတော်လေး ဟန်ဆောင်မှု ကင်းမဲ့ နေ၏။ မင်ရှင်း ခေါင်းမမော့ပေ။ သူသည် သွင့်ကျန်း၏ ဖျက်ဆီးခြင်းတိုင် လုံး အကြွင်းအကျန်များကိုသာ ဆက်လက် ကြည့်နေမိသည်။ သူ၏ မျက်နှာ ထက်တွင် ဒေါသရိပ်အချို့ကို မြင်တွေ့ရ၏။

ဤအခိုက်အတန့်တွင် သင်္ကေတလမ်းကြောင်းအတွင်းမှ ရောမ အဖြူ ရောင် တောင်ပံတစ်စုံ ထွက်ပေါ်လာသည်။ ထိုတောင်ပံတစ်စုံမှာ ပေ ၁၀၀၀ ခန့် မြင့်မားသော လူသားပုံသဏ္ဍာန် တောင်ပံမျိုးနွယ်ဝင် တစ်ဦး၏ တောင်ပံများ ဖြစ်သည်။ သူ၏ ဦးခေါင်းပေါ်တွင် သရဖူတစ်ခု ရှိနေပြီး

ခန္ဓာကိုယ်မှာလည်း တောက်ပသော အလင်းရောင်များ ဖုံးလွှမ်းနေ၏။ သူ၏ မျက်လုံးများမှာလည်း အေးစက်စွာ ဝင်းလက်နေတော့သည်။

မင်းရှင်းသည် ထိုတောင်ပံမျိုးနွယ်ဝင်ကိုဖြစ်စေ၊ ပေါ်ထွက်လာသော အခြား ပညာရှင်များကိုဖြစ်စေ လှည့်မကြည့်သေးပါချေ။ ထိုမြင့်မားလှသော တောင်ပံမျိုးနွယ်ဝင်သည် ပတ်ဝန်းကျင်ကို စူးစမ်းကြည့်လိုက်ပြီးနောက် မေးမြန်းလိုက်၏။

"ဧကရာဇ် မင်းရှင်း... နေကောင်းရဲ့လား"

ထိုမြင့်မားသော တောင်ပံမျိုးနွယ်ဝင်၏ အသံမှာ အတော်လေး စူးရှသော်လည်း ပြင်းထန်သော ထိုးဖောက်နိုင်စွမ်း ရှိပေသည်။ မင်းရှင်းက ဆိုလိုက်၏။

"ဧကရာဇ်ယွီ... မင်း နောက်ကျနေပြီ"

ပတ်ဝန်းကျင်ကို ကြည့်ပြီး ဘာဖြစ်ခဲ့သည်ကို အကြမ်းဖျင်း သိရှိသွားသော ဧကရာဇ်ယွီက ခေါင်းအနည်းငယ် ညိတ်ပြလျက် မေးလိုက်သည်။

"သူ ပြန်လာတာလား"

မင်းရှင်းက ထိုမေးခွန်းကို ပြန်မဖြေပေ။ ထိုအစား လက်နောက်ပစ်လျက် ခေါင်းကိုသာ ညိတ်ပြလိုက်တော့သည်။ ဧကရာဇ်ယွီ သက်ပြင်းချလိုက်၏။

"မင်ပန်းရဲ့ အရှိန်အဝါတွေ ဘာလို့ ပျောက်သွားလဲဆိုတာ မဆန်းတော့ပါဘူး။ အေးလေ... သူ့ လက်ချက်နဲ့ သေရတာကတော့ မတရားဘူးလို့ မဆိုနိုင်ပါဘူး"

ထိုစကားကို ကြားသောအခါ အခြားသော တောင်ပံမျိုးနွယ်စုဝင်များမှာ တစ်ဦးကိုတစ်ဦး ကြည့်ကာ ထိတ်လန့်နေကြရသည်။ အရေးပါသော ပုဂ္ဂိုလ်ကြီး နှစ်ဦး စကားပြောနေချိန်တွင် သူတို့အနေဖြင့် ကြားဖြတ် မပြောဝံ့ကြ

ပါချေ။ သို့သော် သူတို့အားလုံးမှာ ရည်ညွှန်းခံရသည့် သူဆိုသူမှာ ဘယ်သူလဲဆိုသည်ကို သိချင်နေကြသည်။ မည်သည့် ပညာရှင်ကများ ဧကရာဇ်ယွီထံမှ ဤမျှအထိ မြင့်မားသော အကဲဖြတ်မှုကို ရရှိနိုင်မည်နည်း။

"နတ်အရှင် မင်ပန်းတင် မကဘူး၊ အကြီးအကဲမင်သဲ့လည်း သေသွားပြီ။ ကျုပ်တို့ရဲ့ တောင်ပံမျိုးနွယ်စုဟာ ခုတလောမှာ မအေးချမ်းလှဘူး" ဧကရာဇ်ယွီက မကျေမနပ် ဖြစ်စွာ ပြောလိုက်သည်။

မင်ရှင်းက နောက်ဆုံးတွင် ခေါင်းမော့လိုက်ပြီး ဧကရာဇ်ယွီကို စိုက်ကြည့်လိုက်ကာ လေသံအတက်အကျမရှိဘဲ ဆိုလိုက်၏။

"မဟာအသူရာမြေရဲ့ ဖျက်ဆီးခြင်းတိုင်လုံးကိုသာ ကောင်းကောင်းစောင့်ကြပ်နေစမ်းပါ"

"ကျုပ် သူ့ကို မယှဉ်နိုင်ဘူး" ဧကရာဇ်ယွီက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ထူဝေ့ သေသွားပြီ" မင်ရှင်းက ပြောလိုက်၏။

ဧကရာဇ်ယွီ အနည်းငယ် အံ့အားသင့်သွားသည်။ သူသည် ထူဝေ့အကြောင်းကို ကြားဖူး၏။ ထူဝေ့မှာ ခန်းမဆယ်ခု၏ ခန်းမသခင်များထဲမှ တစ်ဦးဖြစ်ကြောင်း သူ သိသည်။ ထူဝေ့သည် မဟာလေဟာနယ်၏ အစွမ်းထက်ဆုံး ပညာရှင်များထဲမှ တစ်ဦး ဖြစ်သည်။ တောင်ပံမျိုးနွယ်စုအနေဖြင့် နတ်အရှင်တစ်ပါးနှင့် တာအိုသူတော်စင်တစ်ပါး ဆုံးရှုံးရသည်မှာ ဝမ်းနည်းစရာဟု သူ ထင်ခဲ့သော်လည်း မဟာလေဟာနယ်က နတ်ဧကရာဇ်တစ်ပါးကိုပါ ဆုံးရှုံးလိုက်ရလိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

အမည်မသိကုန်းမြေ၏ ကောင်းကင်ယံမှာမူ တိုက်ပွဲ၏ ဒဏ်ကို မခံစားရသကဲ့သို့ ရှိနေ၏။ ၎င်းမှာ ပုံမှန်အတိုင်းပင် မှောင်မိုက်နေဆဲပင်။

"ဖြစ်နိုင်တာက… သူ နောက်တစ်ကြိမ် ထပ်သေသွားပြန်ပြီ ထင်တယ်…" မင်ရှင်းက အနည်းငယ် မရေမရာ ဖြစ်စွာ ဆိုလိုက်၏။

ဧကေရာဇ်ယွီ ရယ်မောလိုက်သည်။ သူ၏ ရယ်သံမှာ သိပ်မကျယ်လှပေ။ ထို့နောက် သူက နောက်ပြောင်သလို ဆိုလိုက်၏။

"မင်း ဒီလောက်အထိ မရေမရာ ဖြစ်နေတာကို မြင်ရတာ ဒါ ပထမဆုံးပဲ။ မင်းက ပုံမှန်ဆိုရင် ကိုယ့်ကိုယ်ကိုယ် တော်တော်လေး ယုံကြည်မှု ရှိတာ မဟုတ်လား"

မင်ရှင်းသည် အဝေးရှိ ချောက်နက်ကြီးကို လက်ညှိုးညွှန်ပြကာ ပြောလိုက်သည်။

"ငါနဲ့အတူ သွားကြည့်ကြရအောင်"

ဧကေရာဇ်ယွီသည် ချောက်နက်ကြီးကို မြင်သောအခါ မျက်လုံးများ တောက်ပသွားပြီး ပြုံးလျက် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

***